ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
အမှတ်၊ ၃၆၃/၄၂၁၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**E-mail: dma@motc.gov.mm, dma@myanmar.com.mm** **Tel:+95-1-397640**
**P.O BOX 194,** **Fax: +95 1 397641**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက်

ကြေညာချက် ( ၄ /၂၀၂၀)

အကြောင်းအရာ။ **Coronavirus Disease 2019 (COVID – 19) ပြန့်ပွားမှုနှင့်ပတ်သက်၍ နောက်ဆက်တွဲ အကျိုးဆက်များအရ မြန်မာအလံလွှင့်ထူထားသော သင်္ဘောများတွင် သက်ဆိုင်ရာကွန်ဗင်းရှင်းများအရ စစ်ဆေးခြင်း (Statutory Inspection)၊ သင်္ဘောပေါ်တွင် ထားရှိရမည့်လက်မှတ် (Statutory Certificate) ထုတ်ပေးခြင်း နှင့် ပြန်လည်စစ်ဆေးခြင်းဆိုင်ရာ ကြေညာချက် ထုတ်ပြန်ခြင်း**

၁။ ယခုအခါ ကမ္ဘာ့ကပ်ရောဂါအဖြစ် ပြန့်ပွားကူးစက်လျက်ရှိသော Coronavirus Disease 2019 (COVID–19) ကာကွယ်တားဆီးရေး အစီအမံများနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံအသီးသီးက အရေးပေါ်ဥပဒေများ ထုတ်ပြန်ခြင်း၊ ကာကွယ်တားဆီးရေးအစီအမံများချမှတ်ခြင်း၊ လေကြောင်း၊ ရေကြောင်းနှင့် ကုန်းတွင်းနယ်စပ်ဖြတ်ကျော်ဝင်ရောက်ခြင်း၊ ကုန်စည်တင်ပို့မှုလုပ်ငန်းစဉ်များကို ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်းနှင့် စိစစ်ခြင်းများအား ပြုလုပ်လာကြပါသည်။

၂။ ခရီးသွားလာ ကန့်သတ်ချက်များကြောင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာခရီးသွား လာမှုမှာ ပိုမိုခက်ခဲလာပါသဖြင့် ကုမ္ပဏီ သို့မဟုတ် သင်္ဘောများပေါ်သို့ တက်ရောက်စစ်ဆေးမှု လုပ်ဆောင်ရန် အခက်အခဲဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ကုမ္ပဏီတွင် ကိုင်ဆောင်ထားရှိရမည့် လက်မှတ်သက်တမ်းတိုးပေးခြင်း သို့မဟုတ် မြန်မာအလံလွှင့်ထူထားသော သင်္ဘောများသို့ သက်ဆိုင်ရာကွန်ဗင်းရှင်းများအရ စစ်ဆေးခြင်း (Statutory Inspection)၊ သင်္ဘောပေါ်တွင် ထားရှိရမည့်လက်မှတ် (Statutory Certificate) ထုတ်ပေးခြင်းနှင့် ပြန်လည်စစ်ဆေးခြင်းများကို သက်တမ်းတိုးမြှင့်ပေးရန် လိုအပ်လာပါသည်။

၃။ စစ်ဆေးမှုခံယူရန် အခက်အခဲများကြောင့် မြန်မာအလံလွှင့်ထူထားသော သင်္ဘောများပေါ်တွင် ထားရှိရမည့် လက်မှတ်များ သို့မဟုတ် အသက်ကယ်ပစ္စည်းနှင့် မီးသတ်ပစ္စည်းကိရိယာများ၏ သက်တမ်းကုန်ဆုံးရက်စွဲသည် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ(၃၀)ရက်မတိုင်ခင် ကုန်ဆုံးမည်ဆိုပါက သင်္ဘောပိုင်ရှင် သို့မဟုတ် ကုမ္ပဏီများက သက်ဆိုင်ရာ အသိအမှတ်ပြုထားသောအဖွဲ့အစည်းများ (Recognized organizations) သို့မဟုတ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ သက်တမ်းတိုးပေးပါရန် လျှောက်ထားရမည်ဖြစ်ပြီး သက်ဆိုင်ရာလက်မှတ်၏ နှစ်စဉ်စစ်ဆေးရမည့်နောက်ဆုံးရက်စွဲ သို့မဟုတ် သက်တမ်းကုန်ဆုံးရက်စွဲမှ (၃)လအထိ ယာယီ သက်တမ်းတိုးပေးသွားမည် ဖြစ်သည်။

၄။ ဦးစီးဌာနမှ အသိအမှတ်ပြုထားသောအဖွဲ့အစည်းများသည် လက်မှတ်များ၏ သက်တမ်းပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ စာပိုဒ်(၃) အရ နှစ်စဉ်စစ်ဆေးရမည့်နောက်ဆုံးရက်စွဲ သို့မဟုတ် သက်တမ်းကုန်ဆုံးရက်စွဲမှ (၃) လအထိ သက်တမ်းတိုးပေးနိုင်သည်။ အသိအမှတ်ပြုအဖွဲ့အစည်းများအနေဖြင့် သက်တမ်းတိုးခြင်းကိစ္စဆောင်ရွက်ပြီးပါက မှတ်တမ်းများကို ဦးစီးဌာနသို့ ပေးပို့ရမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ဦးစီးဌာနက စစ်ဆေး၍ အတည်ပြုထုတ်ပေးထားသော ကုမ္ပဏီတွင် ကိုင်ဆောင်ထားရှိရမည့်လက်မှတ် သက်တမ်းတိုးပေးခြင်း သို့မဟုတ် မြန်မာအလံလွှင့်ထူထားသော သင်္ဘော၏လက်မှတ်များ နှစ်ပတ်လည်စစ်ဆေးခြင်းနှင့် သက်တမ်းကုန်းဆုံးခြင်းများအတွက် ယာယီသက်တမ်းတိုးပေးပါရန် သင်္ဘောပိုင်ရှင် သို့မဟုတ် ကုမ္ပဏီများသည် ရေယာဉ်မှတ်ပုံတင်မိတ္တူနှင့်အတူ ဦးစီးဌာန၏သက်ဆိုင်ရာဌာနခွဲများသို့ ဆက်သွယ်လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သောင်းကြိုင်
ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း
ငါးလုပ်ငန်းအဖွဲ့ချုပ်
ကမ်းရိုးတန်းသွားရေယာဉ်ပိုင်ရှင်များအသင်း
မြန်မာနိုင်ငံကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များအသင်း

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်ရုံး၊

ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)၊

ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ၊

ရေကြောင်းအင်ဂျင်နီယာဌာနခွဲ၊

ရေကြောင်းဌာနခွဲ၊

ရေကြောင်းလုပ်ငန်းဌာနခွဲ၊

ရုံးလက်ခံ။